

# ကယ်မကာမှ အပါယ်မကျစေချင်ပါ

အရှင်ဥာဏိက

ခုနောက်ပိုင်းနှစ်များမှာ ထင်ရှားလာတဲ့ ဆရာတော်များရဲ့ တရားတော်များကို မကြာခဏဆိုသလို နာမိပါတယ်။ သာမန်သူတွေ နားလည်လွယ်လောက်တဲ့ ပြောဟန်များနဲ့ တစ်နည်းတစ်ဖုံဟောလာ ပြောလာကြတဲ့ တရားများ ဖြစ်လို့ ပိုပြီးလည်းစိတ်ဝင်စားမိပါတယ်။ သာယာနာပျော်ဖွယ်အသံတော်များနဲ့ ပါဠိတော်လေးရွတ်လိုက်၊ အနက်လေးပေးလိုက်၊ ဝတ္ထုဇာတ်လမ်းလေး စိတ်ဝင်စားအောင်ပြောလိုက်ဆိုတဲ့ အစဉ်အလာ ဟောပြောဟန်ကနေ ခွဲထွက်လာတာရယ်၊ ခေတ်လူငယ်လူရွယ်များ နားလည်လက်ခံနိုင်တဲ့တွေးခေါ်ယူဆ တင်ပြမှုများကြောင့်လည်း လူငယ်ထုကြားမှာ လက်ခံလာကြတယ်ဆိုတာကိုလည်း ဝမ်းမြောက်ဖွယ်ကြားသိမိပါတယ်။ ခုလို ကိုယ့်ထက် အနည်းငယ်ကြီးတဲ့ နောင်တော်များ၊ ကိုယ့်အောက်အတန်ငယ်တဲ့ညီတော်များ၊ ဆိုရရင် ကိုယ်နဲ့မတိမ်းမယိမ်းလောက်ခန့်ရှိတဲ့ အရွယ်လတ်ရဟန်းတော်များ အမျိုးဘာသာသာသနာအတွက် ကိုယ်နိုင်တဲ့ဖက်ကနေ အားကြိုးမာန်တက်လုပ်ဆောင်နေကြတာကို အဝေးကနေ ကြားရမြင်ရတော့ ကြည်နူးကျေနပ်မိရသလို ဂုဏ်ယူဝမ်းမြောက်မိရပါတယ်။ အထူးသဖြင့် ကိုယ်မစွမ်းနိုင်တဲ့လုပ်ငန်းများကို လုပ်နိုင်ကြလို့လည်း အားကျ အားရဖြစ်မိပါတယ်။ ငြိမ်းအေးချမ်းသာစွာနဲ့ နှစ်ပရိစ္ဆေဒ ရှည်ကြာကြာ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုပိုမို၍သာ လူမျိုးဘာသာသာသနာအကျိုး ဦးဆောင်ထမ်းရွက်နိုင်ကြပါစေလို့လည်း မေတ္တာပို့သ ပွားများမိပါတယ်။

ပြောရရင် ဒီနေ့ ခေတ်ကာလက ဆတလိုက်ခေတ်၊ ကွန်ပြူတာခေတ်၊ အင်တာနက် ကွန်ယက်ခေတ်မဟုတ်လား။ အာကာသကို အပျော်ခရီးထွက်နေကြတဲ့ ခေတ်ပဲမဟုတ်လား။ လှေခေတ်၊ လှည်းခေတ်က ရာဇဝင်ထဲမှာ။ လှေလှည်းဆိုတာ ဂူထဲက မထွက်နိုင်သေးတဲ့ လူသားအနည်းငယ် အတွက်ပဲ အားထားစရာအဖြစ် ကျန်ရှိတော့တာ။ ဒီတော့ လှေကြီးထိုး ရိုးရိုး၊ လှည်းကြီးတိုက် ငိုက်ငိုက်ဆိုတဲ့ သမားရိုးကျ အစဉ်အလာများနဲ့တော့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကို ဘယ်လိုလုပ် အမှီလိုက်နိုင်မှာလဲ။ ဘာသာ သာသနာရေး၊ စီးပွားရေး လူမှုရေး၊ ပညာရေးစတဲ့ အရေးအရာများမှာ သူများတွေရှေ့ မရောက်နိုင်သည့်တိုင် အောက်ကျ နောက်ကျ မဖြစ်ဖို့တော့ လိုတယ်မဟုတ်လား။ အဲဒီလို အောက်ကျနောက်ကျ မဖြစ်စေဖို့ဆိုလျှင် တာဝန်သိတတ်သူတိုင်းက လုပ်ဆောင်ကြရမှာပါ။ လူ့တာဝန်၊ ရှင့်ဝတ္တရားဆိုပြီး အကျိုးမများတဲ့ ကန့်သတ်မှုများနဲ့ အပြစ်မရှိပါပဲ မလိုအပ်စွာ ခွဲခြားနေကြရတော့မည့်ခေတ်လည်းပဲ မဟုတ်တော့ပါဘူး။ အောက်ကျနောက်ကျမှုကို ဖြစ်စေတတ်တဲ့ တွေးခေါ်ယူဆမှုတွေ၊ ပြောဆိုလုပ်ကိုင်မှုတွေကို ရဲရဲဝံ့ဝံ့ ပယ်စွန့်ကြရမှာပါ။ ဘယ်အရာမှာပဲဖြစ်ဖြစ် နောက်ကျခြင်း အောက်ကျခြင်းဆိုတာက လှပတဲ့အရာမျိုးမှ မဟုတ်တာ။ ဂုဏ်ယူကျေနပ်နေရမည့် အရာမျိုးလည်းပဲမှ မဟုတ်တာ။ ဒီတော့ ခေတ်နဲ့အမီ၊ ခေတ်နဲ့လျော်ညီစွာ ဟောကြ ၊ ပြောကြ ၊ ရေးသားကြ။ ဘယ်မှာ သဘောမကျနိုင်ပဲ ရှိပါ့မလဲ၊ သဘောလည်းကျ ၊ အားလည်းအားပေးလိုလှ သပ။

ခေတ်မီနည်းစနစ်များနဲ့ ဟောပြောကြခြင်းဟာ ပြောခဲ့သလို ကောင်းပါတယ်။ သို့ပေမယ့်လည်း တခါခါမှာ စေတနာလောလွန်းတာကြောင့် ပြောလိုတဲ့အဓိပ္ပါယ်ကနေ ချော်သွားတတ်တာမျိုးရှိသလို အစဉ်အလာ ခိုင်ခိုင်မာမာလက်ခံထားတဲ့ အကျိုးများတဲ့ လမ်းဟောင်းများကနေ တိမ်းသွားတာမျိုးလည်း ရှိတတ်ပါတယ်။ ဒီနေရာမှာ "အကျိုးများတဲ့ လမ်းဟောင်း"လို့ အထူးပြုပြောရတာကတော့ လမ်းဟောင်းဆိုပြီး အားလုံးလက်ခံရမည်လို့ဆိုလိုတာ မဟုတ်သလို ဟောင်းနေတဲ့အရာမှန်သမျှ မကောင်းချည်း မဟုတ်ဘူးဆိုတာကိုလည်း သတိပြုမိစေချင်တာကြောင့်ပါ။

ခုလို နိဒါန်းချီနေရတာက တရားရှုမှတ်ပွားများမှုနဲ့ဆိုင်တဲ့ဟောပြောမှုများကို ဆွေးနွေးချင်တာကြောင့်ပါ။

အတန်ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါးက မိန့်ကြားသွားပါတယ်။ တရားထိုင်တယ်ဆိုတာ အပါးမဝသေးသူတွေ အလုပ်ပါတဲ့။ ဒါကြောင့်တရားထိုင်ဖို့ထက် ဉာဏ်နဲ့နားလည်အောင်တရားတော်ကို သေသေချာချာနာကြားဖို့ပဲ လိုတယ်လို့လည်း မိန့်ကြားပါတယ်။ နောက်ပြီး ဥပမာအဖြစ် ရှင်သာရိပုတ္တရာအလောင်း ဥပါလိနဲ့ ရှင်မဟာမောဂ္ဂလာန်အလောင်း ဥပတိဿတို့ သောတာပန်ဖြစ်ကြတာဟာ တရားမှတ်တရားထိုင်လို့မဟုတ်ပဲ တရားကိုဉာဏ်နဲ့နာကြားလို့ရယ်လို့လည်း အခါခါမိန့်ကြားတာကို ကြားနာရပါတယ်။

တရားထိုင်ဖို့၊ တရားကိုအချိန်ပိုပြီးလုပ်ဖို့ တိုက်တွန်းအားပေးတော်မူကြတဲ့ ရှေးရှေးဆရာတော်ကြီးများနဲ့မတူ၊ တမူထူးခြားစွာ မိန့်ကြားတဲ့စကားများပါ။ သူ့အလိုအရဆိုလျှင်ဖြင့် တရားထိုင်ဖို့ အထူးတိုက်တွန်းတော်မူခဲ့ကြတဲ့ ရှေးရှေးအစဉ်အဆက် စာပေကျွန်းဂန်တတ်ကျွမ်းတဲ့ဆရာတော်ကြီးများကပဲ လမ်းမှားပြသလိုမျိုး ဖြစ်ရပါတယ်။ တကယ်တော့ ၄င်းဆရာတော် ဥပနိဿယည်းယူပါတယ်ဆိုတဲ့ သူ့ဆရာတော်ကြီးအတ္ထုပ္ပတ္တိမှာပင် တောတောင်ကိုမှီပြီး တရားအားထုတ်ခဲ့သေးကြောင်းကို ဖတ်ရှုရပါတယ်။ ကိုယ့်ဆရာအစဉ်ရဲ့ နည်းနိဿယကိုယူပြီး ဟောပြောကြရာမှာ ဆရာလျှောက်ခဲ့တဲ့လမ်း၊ ဆရာဟောခဲ့တဲ့တရား၊ စလယ်ဆုံးအားလုံးကို ကျကျနနလေ့လာပြီးမှ ထပ်ဆင့်ဟောပြောကြဖို့ လိုပါတယ်။ ဘယ်နေရာမှာ သူဘယ်လိုဟောကြားခဲ့တယ်ဆိုတဲ့ ကွက်ကွက်လေးလောက်ကိုသာ မကြည့်ပဲ သူဘယ်လိုကျင့်ခဲ့တယ်ဆိုတာကိုပါ အလေးထားစေချင်ပါတယ်။ ဒိဋ္ဌိ(ငါ့ဥစ္စာငါ့ခန္ဓာ၊ ငါဆိုတဲ့ စွဲလမ်းမှတ်ထင်မှု) ခွါနိုင်ဖို့ သူကျင့်ခဲ့တာလား၊ ဒီအစွဲအလမ်းတွေကို ခွါပြီးမှ တရားကျင့်ခဲ့တာလားဆိုတဲ့ အကြောင်းရင်းကိုပါ ဆန်းစစ်ကြည့်ဖို့ လိုပါလိမ့်မယ်။ အစ၊အလယ်၊အဆုံး၊ အကြောင်း၊ အကျိုးပြည့်ပြည့်စုံစုံ မသုံးသပ်ပါပဲ ဖြစ်စဉ်ရဲ့ တစ်ဝက်လောက်ကနေ ဖြတ်ပြောထားတဲ့စကားကို အစလို့ မှတ်ယူပြီး ငါတို့လည်း ငါတို့ဆရာပြောသလို ပြုလုပ်က ငါတို့ဆရာလို ဖြစ်မှာပဲလို့ တလွဲအဓိပ္ပါယ် မကောက်ယူကြဖို့ လိုပါတယ်။ ဖြစ်မှုဆိုတာက ဘယ်လို၊ ပျက်ခြင်းဆိုတာက ဘယ်သင်းရယ်လို့ ဆရာပြောပြတာလောက်ကို သညာနဲ့မှတ်ယူပြီး ဒါဟာ တကယ့်ပညာနဲ့သိတဲ့ အသိရယ်လို့လည်း မှတ်ထင်ကာ ကျေနပ်မနေစေချင်ပါဘူး။တခါမှ မသိ ၊ မကြားဖူးတဲ့အရာကို အသစ်အဆန်းအနေ ကြားလိုက်ရတဲ့အခါမျိုးမှာ ငါတော့ တကယ့်အသိတရားရသွားပြီလို့ ကိုယ့်ကိုယ်ကို ထင်တတ်ပါတယ်။ နာကြားရုံ၊ နားထောင်ရုံမျှ အရင်းပြုပြီး ဆင်ခြင်သိ သိတဲ့အသိဟာ ဘယ်လိုမှ ခန္ဓာ့ဖြစ်ပျက်ကို ဉာဏ်နဲ့သိတဲ့အသိ မဖြစ်နိုင်ပါဘူး။ စကားခန့်ခန့်ပြောရလျှင်ဖြင့် ဘာဝနာသိ မဟုတ်ပါဘူး။

ရုပ်နာမ်တို့ရဲ့ သဘောသဘာဝကို တကယ်ကိုယ်ပိုင် ဉာဏ်နှင့် သိမြင်ခြင်းဟာ နာသိ၊ ဖတ်သိ၊ ဆင်ခြင်သိများနဲ့ အလွန်ကွာခြားပါတယ်။ ဘယ်လိုမှ နှိုင်းယှဉ်ပြောပြလို့ မရနိုင်တဲ့အနေမျိုးပါ။ ဒါကြောင့် အဝိဇ္ဇာကဘယ်လို၊ သင်္ခါရက ဘယ့်နယ်၊ မူလကဘာ၊ သစ္စာဆိုတာက ဘယ်အခြင်းရယ်လို့ နှုတ်တက် မှတ်တတ်၊ ပြောတတ်ရုံမျှနဲ့လည်း အားရကာ ရပ်တန့်မနေစေချင်ပါဘူး။ သူများနှုတ်ဖျားမှာတင် လမ်းဆုံးမနေစေချင်ဘူးဆိုတဲ့စကားဟာ ကိုယ်တိုင်ကျင့်မှ ရမယ်လို့ အဓိပ္ပါယ်ယူမှသာ ဆီလျော်သဘာဝကျပါမယ်။ ဆရာ့စကားကို နာကြားရုံဆင်ခြင်သိနေရုံမျှဆိုလျှင်ဖြင့် ဆရာ့နှုတ်ဖျားမှာသာ လမ်းဆုံးနေရုံပဲဖြစ်မှာမို့ 'အရှုံးချင်းအတူတူ တစ်မူးဖိုး ပိုရှုံ'ရုံမျှပဲ ဖြစ်မှာပါ။

စပ်ဆိုင်မယ်ထင်လို့ ဓမ္မဆိုတဲ့စကားလေးနဲ့ ယှဉ်ပြီးပြောပြချင်ပါတယ်။ ဓမ္မဆိုတဲ့ စကားလုံးကို အင်္ဂလိပ်ဘာသာနဲ့ အဓိပ္ပါယ်ပြန်ဆိုကြရာမှာ တချို့က **Teaching of the Buddha** လို့ပြန်ဆိုပါတယ်၊ တချို့ကတော့လည်း **The Truth** လို့ပြန်ကြပါတယ်၊ **The Truth -** အမှန်တရားလို့ ဘာသာပြန်ကြရာမှာ အချိန်ကာလတွေ၊ နေရာဒေသတွေပြောင်းလွဲသွားပေမယ့် ဓမ္မသဘောတရား၊ အမှန်တရားဆိုတာ ဘယ်သောအခါမှာမှ ပြောင်းလဲသွားရိုးမရှိဘူး၊ အချိန်ကာလ၊ နေရာဒေသမရွေး ထာဝရမှန်ကန်နေတယ်ရယ်လို့ ဖွင့်ဆိုကြပါတယ်။ ဟုတ်တာပေါ့၊ သတ်မှတ်မှုအမှန်တရား၊ ပညတ်တွေကသာ ပုဂ္ဂိုလ်၊ ကာလ၊ နေရာဒေသတွေကြောင့် ပြောင်းလွဲနိုင်တာ။ တကယ့်အမှန်တရား ပရမတ္ထသဘောတရားကတော့ ဘယ်မှာ အပြောင်းအလဲရှိနိုင်ပါ့မလဲ။ အမှန်တရားဆိုတာက ကာလတွေတိုက်စားလို့ ကွယ်ပသွားတတ်တာမျိုး၊ ပြောင်းလဲသွားတတ်တာမျိုးမှ မဟုတ်တာကလား။ ဒီတော့ ပြောပုံဟောပုံ ရေးပုံတင်ပြပုံကသာ ပြောင်းလျှင်ပြောင်းမယ်၊ တကယ့်အနှစ်သာရကတော့ ဘယ်မှာလာလို့ ပြောင်းနိုင်ပါ့မလဲ။ ကျင့်ရမည့်အရာကို ကျင့်မှသာ ရသင့်တဲ့အရာကိုလည်း ရနိုင်မှာပေါ့။ ဒါကိုပဲ ကျင့်နေဖို့ မလိုပါဘူးလို့ ဆိုတာကတော့ မှန်သလား၊ မှားသလားဆိုတာကိုတောင်မှ ထည့်သွင်းစဉ်းစားနေဖို့ လိုမယ်မထင်ပါဘူး။

ဒီလိုပြောလို့ တရားဆိုတာ ခက်ခက်ခဲခဲကြိုးစားမှ ရရမည့်အရာ၊ ဖြစ်နိုင်တဲ့အရာဆိုပြီး ခြောက်လှန့်နေတာ မဟုတ်ပါဘူး။ တကယ့်အထက်တန်းစားတရားဆိုတာ ပြောသလောက်လွယ်လွယ်ကူကူနဲ့ ရနိုင်တဲ့အရာမျိုးတော့ မဟုတ်ဘူး

လို့ ပြောလိုခြင်းပါ။ နောက်ပြီးလည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လို့ ဗုဒ္ဓကို ယုံကြည်နေသူလား၊ သီအိုရီအရ ကောင်းလို့ တရားကိုယုံကြည်နေသူလား။ သို့မဟုတ်၊ ဗုဒ္ဓရဲ့ဂုဏ်ကျေးဇူးတရားတွေကို အသိဉာဏ်နဲ့နှလုံးသားက နက်နက်ရှိုင်းရှိုင်း လေးစားမြတ်နိုးလို့ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်နေသူ၊ တရားတော်ရဲ့ရသကို ကိုယ်တိုင်ခံစားရလို့ တရားတော်ကို မြတ်နိုးသူ၊ သူတို့လက်ဆင့်ကမ်း သယ်ဆောင်လာလို့ ဒီတရားတွေကို လိုက်နာကျင့်ကြံပွားများခွင့် ရရတယ်၊ ကျေးဇူးအလွန်ကြီးမြတ်ပါပေရဲ့။ ခုလောက်ကျင့်ခွင့်ရတဲ့ ကိုယ့်စိတ်လေးတောင်မှပဲ ဒီလောက်ဖြူစဥ်နေတာ၊ နှစ်ပေါင်းလပေါင်းများစွာ အားထုတ်တော်မူကြတဲ့ သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များရဲ့နှလုံးသားဆိုလျှင်ဖြင့် အမှန်တကယ် ဖြူစဥ်မြင့်မြတ်တော်မူကြပါပေမှာပဲရယ်လို့ ကိုယ့်ကိုယ်တွေ့ကိုအခြေခံလို့ သံသယကင်းစွာ ယုံယုံကြည်ကြည် ကြည်ညိုတတ်သူမျိုး ဖြစ်မဖြစ်ကို ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်နိုင်စေဖို့ပါ။ အတိုချုပ်ပြောရလျှင် ဗုဒ္ဓဘာသာဝင်ဖြစ်လို့ ရတနာသုံးပါးကို ကြည်ညိုတာမျိုးမဟုတ်ပဲ ရတနာသုံးပါးကျေးဇူးတရားကို ကိုယ်ပိုင်ဉာဏ်နဲ့သိကာ ကိုယ်တိုင်နှစ်နှစ်ကာကာယုံကြည်လို့ ဗုဒ္ဓဘာသာဝင်ဖြစ်သူမျိုးသာ ဖြစ်စေချင်ပါတယ်။

နောက်ပြီးလည်း နာမည်ထင်ရှားတဲ့ ဆရာတော်လေးတစ်ပါးက တရားဆိုတာသိနေလျှင်ပြီးတာပါပဲ၊ အထူးထိုင်နေဖို့ မလိုပါဘူးလို့ မိန့်ပြန်ပါတယ်။ ဘာကိုသိနေရမယ်လို့ မိန့်တယ်တော့ မသိပါဘူး၊ တရားထိုင်တာကိုက မိရိုးဖလာ သူသူငါငါ သာမန်အသိကနေဖောက်ထွက်ပြီး ရုပ်နာမ်တို့ရဲ့ ပကတိအရှိမှန်ကို သိဖို့လုပ်ကြရတာမဟုတ်လား။ မသိတဲ့အရာကို သိအောင် တမင်အားထုတ်နေရတာကို သိနေလျှင်ပြီးတာပဲဆိုလေတော့ ဘယ်အရာကို ဘယ်လိုသိသိ နေရမယ်ဆိုတာကိုတော့ စာရေးသူကတော့ တကယ်ကို မသိတာ အမှန်ပါ။ တည်ငြိမ်ရင့်ကျက်မှုမရှိတဲ့ သာမန်သိစိတ်မျိုးနဲ့တော့ ရုပ်နာမ်တရားတွေရဲ့ ပကတိအခြေအနေမှန်ကို တိတိကျကျ မသိနိုင်ပါဘူးဆိုတာကိုတော့ ရဲရဲဆိုဝံ့ပါတယ်။ သာမန်နေ့စဥ်သိ အာရုံနဲ့ တကယ်တွေ့ ဉာဏ်သိအာရုံတို့ရဲ့ထူးခြားမှုကို ခွဲခွဲခြားခြားမပြောပဲ အပေါ်ယံ သူသာမန်သိနဲ့ သိသိနေရုံမျှကိုပဲ တကယ်သိလို့ မမှတ်ယူစေချင်ပါဘူး။

ကိုယ်ပြုမှု ပြောဆိုကြံစည်နေတာတွေကို သိသိနေတာ မကောင်းဘူး မဟုတ်ပါဘူး၊ ကောင်းပါတယ်။ အချိန်မရှိလို့၊ အကြောင်းကြောင်းကြောင့် အချိန်မပေးနိုင်ဖြစ်နေသူတွေကို အကျိုးများအောင်လို့၊ နိုင်သမျှ တရားနဲ့ ထိတွေ့စေဖို့ တိုက်တွန်းအားပေးတဲ့အနေမျိုးနဲ့ ဆွဲဆောင်အားပေးတာမျိုးဆို ကောင်းပါတယ်။ သို့ပေမယ့် တရားဆိုတာ တမင်မှတ်နေဖို့ မလိုဘူး၊ သိသိနေရုံမျှနဲ့ ပြီးနိုင်တယ်ဆိုတာမျိုးကတော့ အစွန်းရောက်တဲ့ လိုက်လျောပြောဆိုမှုမျိုးသာ ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓရှေ့လက်ထက်တော်က ရဟန်းတော်များ ဗုဒ္ဓထံတော်ပါးက ကမ္မဋ္ဌာန်းနည်းနာများ နာယူကြပြီး တစ်ပါးတည်း ဆိတ်ငြိမ်ရာအရပ်မှာကပ်ခိုကာ အားကြိုးမာန်တက် ကြိုးစားအားထုတ်တော်မူခဲ့ကြတာတွေကို စာရေးသူတော့ အထူးပဲ အားကျကြည်ညိုမိပါတယ်။ အဲဒီလို လွတ်လွတ်စိတ်ထားနဲ့ နေ့ညမနား အားထုတ်ပါမှလည်း တကယ့်မှန်ကန်တဲ့အသိဉာဏ်တရားကိုရနိုင်ဖို့ အခွင့်အလမ်းများပါလိမ့်မယ်။ လွယ်လွယ်ကူကူကျင့်ပြီး တရားအသိဉာဏ် မြန်မြန်ရနိုင်တဲ့ပုဂ္ဂိုလ် (သုခပဋိပဒါ ခိပ္ပါဘိညာ) မျိုးထဲမှာ ပါနိုင်ဖို့ဆိုတာက လွယ်ကူမယ် မထင်ပါဘူး။ ဒီပုဂ္ဂိုလ်မျိုး မရှိနိုင်ပါဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ရှိတော့ရှိတယ်၊ ရှားတယ်လို့ပြောရမှာပါ။ကိုယ်တွေ့အရ ပြောရလျှင်ဖြင့် အတန်အသင့်ခိုင်မာတဲ့သမာဓိလေးဖြစ်ဖို့ကိုပဲ အတော်ကြိုးစားပြီး ရှုမှတ်ခဲ့ရတာပါ။ တခါခါမှာ အာရုံနဲ့မှတ်စိတ်လေး တည့်တည့်မတ်မတ်ဖြစ်ဖို့ ကျားကုတ်ကျားခဲ အားထုတ်ခဲ့ရတဲ့အချိန်များကို သတိရမိပါတယ်။ စိတ်လေးတည်တည် ငြိမ်ငြိမ်ဖြစ်ခါနီးမှာမှ ပြင်ပအာရုံတစ်ခုခုရဲ့ အနှောက်အယှက်ကြောင့် တည့်မတ်စဖြစ်နေတဲ့ အာရုံလေးပေါ်ကနေ စိတ်က လွင့်ထွက်သွားလို့မို့ ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်ခဲ့မိတာတွေကိုလည်း အမှတ်ရနေမိပါတယ်။ စားစား သွားသွား၊ ထထလာလာ သာမန်မှတ်ရုံမျှနဲ့တော့ ခိုင်မာတဲ့သမာဓိ ရနိုင်လိမ့်မယ် မထင်ပါဘူး။

အာရုံနဲ့မှတ်စိတ် တစ်ထပ်တည်းကျခိုက်များမှာ ပတ်ဝန်းကျင်အရာအားလုံးနဲ့ မိမိလို့ဆိုရတဲ့ ရုပ်နာမ်စုတစ်ခု တသားတည်းဖြစ်တဲ့–ဧကီဘာဝ–ရသလေးကို ခဏတာမျှ ခံစားနိုင်ဖို့ လပေါင်းများစွာ ကြိုးစားခဲ့ရတာကိုလည်း ပြန်လည်အောင့်မေ့မိပါတယ်။ သူသူကိုယ်ကိုယ်၊ သက်ရှိသက်မဲ့၊ ယောကျ်ားမိန်းမ၊ အမဲအဖြူစတဲ့ ခွဲခြားမှုကင်းမဲ့သွားချိန်လေးရဲ့ အဖိုးအနဂ္ဃကြီးမှုဟာ ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့ ရနိုင်မယ် မဟုတ်ပါဘူး။ ခရီးတစ်ခုကို ပင်ပင်ပန်းပန်းသွားခဲ့ပြီးလို့ ကိုယ်လိုလားတဲ့ခရီးဆုံးရောက်တဲ့အခါမှာ ခံစားရတဲ့ ကြည်နူးမှုအချိန်ကာလကိုလည်း တသသ အမှတ်ရကာ ခုတိုင်ကြည်နူးကျေနပ်နေမိတတ်ပါတယ်။ အလိုမကျဖွယ် မရှိ၊ လိုတဖွယ်လည်းမရှိဖြစ်ရတဲ့ အခိုက်တန့် အချိန်လေးဟာဖြင့် ဘဝရသရဲ့ အမြင့်ဆုံးသုခကို ခံစားတွေ့ထိလိုက်ရသလိုပါပဲ။ ဘဝမှာ တွေ့ကြုံရဖူးတဲ့ ဘယ်လိုကြည်နူး

ကျေနပ်မှုတွေနဲ့မှ ယှဉ်ပြ ခိုင်းနှိုင်းလို့မရနိုင်တဲ့ ဝမ်းမြောက်မှုပီတိဟာ ခိုင်မာတဲ့သမာဓိကို အခြေပြုပြီး ဖြစ်ပေါ်လာတဲ့ အသိနဲ့သာ အတူလာတယ်လို့ဆိုနိုင်မှာပါ။ ဘာမှအားမထုတ်ပဲ လွယ်လွယ်ကူကူ သာမန် သိသိနေရုံလေးမျှနဲ့ ဒီလို ရသမျိုး၊ ဒီကာလမျိုး တွေ့ကြုံခံစားခွင့်ရနိုင်ပါ့မလားဆိုတာအပေါ်မှာလည်း သံသယပွားနေ မိပါတယ်။ အသိဉာဏ်ရှိ တဲ့လူသားတစ်ဦး ဖြစ်ရခြင်းရဲ့ တန်ဖိုးကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်ရတဲ့ အဲဒီ အချိန်ကအသိမျိုးကို သိသိ နေရုံလေးကနေ အပြည့်အဝရနိုင်ပါ့မလားလို့လည်း ယုံမှားဖြစ်နေမိပါတယ်။ ဗုဒ္ဓဘာသာ ဝင်တစ်ယောက်ဖြစ်စေဖို့ ရတနာသုံးပါးနဲ့ ကံ ကံရဲ့အကျိုးတရားဆိုတာကို ယုံကြည်သူမျိုးမဟုတ်ပဲ ရတနာသုံးပါးနဲ့ ကံ ၊ ကံရဲ့အကျိုးကို လေး လေးနက်နက် ယုံကြည်တာကြောင့် ဗုဒ္ဓတပည့်သားတစ်ယောက် ဖြစ်ရတာ၊ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ရတာကို ဂုဏ်ယူ အားရစွာ၊ ခုလိုကြည်နူးကျေနပ်နေရသူမျိုး ဖြစ်နိုင်ပါ့မလားဆိုတာ အပေါ်မှာလည်း ကိုယ့်ကိုယ်ကို ပြန်လည် မေးနေ မိတတ်ပါတယ်။

တရားအလုပ်လုပ်ခြင်းနဲ့ တရားအားထုတ်ခြင်းဆိုတာကို ကွဲကွဲပြားပြားနားလည်စေချင်ပါတယ်။ တရားအားထုတ် ရာမှာ သူ့လိုအပ်ချက်တွေ၊သူ့ဂုဏ်အင်္ဂါတွေ လိုပါတယ်။ တရားအလုပ် လုပ်နေရုံမျှနဲ့ တရားအားထုတ်မှု လုံးဝမဖြစ် နိုင်ပါဘူး။ တရားအားထုတ်မှု မရှိဘူးဆိုလျှင်လည်း ဘယ်လိုမှ သံသရာဆင်းရဲက ကျွတ်လွတ်ရာအရပ်ဆီသို့လည်း ရောက်နိုင်မယ်မဟုတ်ပါဘူး။ ရှေးကပုဂ္ဂိုလ်ထူးများ တရားတစ်ပုဒ်နာယူရုံမျှနဲ့ သောတာပန်၊ သကဒါဂါမ်စတဲ့ တရား ထူးများရနိုင်တာကို ကျမ်းဂန်များမှာ ဖော်ပြထားတယ်မဟုတ်ပါလားလို့ မေးခွန်းထုတ်လိုမလားပါပဲ။ ကိုယ့်ကိုယ်ကို တကယ်ယုံကြည်တဲ့၊ ကိုယ့်အားထုတ်ခဲ့မှုကို တကယ်အားရတဲ့ ဉာဏ်အနေအထားကိုရောက်နေသူတစ်ယောက်အဖို့ တဂါထာဆိုတာ များပါသေးတယ်၊ ဗုဒ္ဓရဲ့ လမ်းညွှန်စကားတစ်ခွန်းလောက် ကြားရုံမျှနဲ့ပင် ကျမ်းဂန်များမှာ မိန့်သလို တရားထူးရနိုင်ပါတယ်ဆိုတာ သံသယကင်းစွာ အပြည့်အဝ လက်ခံပါတယ်။ သို့ပေမယ့် တရားတစ်ပုဒ်နာယူရုံမျှနဲ့ အသိဉာဏ်ထူးကိုရနိုင်လောက်တဲ့ အဆင့်အတန်းကိုရောက်နေမှသာ ဒါကဖြစ်နိုင်တာမျိုးပါ။ ဉပမာပြောရရင် အလွန် ခက်ခဲနက်နဲတဲ့ သင်္ချာပုစ္ဆာတစ်ပုဒ်ကိုတွက်ရာမှာ အဆင့်ဆင့်တွက်နိုင်၊ ဖြေရှင်းနိုင်ပြီးကာမှ နောက်ဆုံးအဆင့် ဖြေရှင်း ဖို့အခက်တွေ့နေသူတစ်ယောက်ကို တတ်သိကျွမ်းကျင်တဲ့ဆရာက နောက်ဆုံးအဖြေကို တစ်ခွန်းလောက်ပြောပြလိုက် တာနဲ့ အဖြေမှန်ရသွားတဲ့ အနေမျိုးပါ။ ဒါကိုအတုပြုပြီး အခြေခံပေါင်းနုတ်မြှောက်စားလောက်မှ နားမလည်သူ တစ် ဦးက ခက်ခဲတဲ့သင်္ချာဆိုင်ရာ ပြဿနာတစ်ခုကို ဆရာတစ်ခွန်းပြောပြလိုက်ရုံမျှနဲ့ ငါလည်းပဲ ခက်ခဲတဲ့ပြဿနာရဲ့ အ ဖြေကို ရနိုင်မှာပဲလို့ ယူဆလျှင်တော့ မိုက်မဲရာရောက်ပါလိမ့်မယ်။ ဟိုမှာက နောက်ဆုံးအဖြေရဖို့ ရှေ့မှာအများကြီး လေ့လာထားခဲ့ရတာကို ထည့်တွက်ဖို့ လိုပါလိမ့်မယ်။ သင်္ချာပညာထက် ပိုမိုနက်နဲသိမ်မွေ့တဲ့ တရားဆိုင်ရာပြဿနာ၊ ဘဝဆိုင်ရာပြဿနာမှာ လေ့လာမှု၊ အားထုတ်မှုအချိန်ကာလနဲ့ ကြိုးစားမှု ပိုလိုမှာပါ။ အခြေခံခိုင်မာဖို့လည်း ပိုမို လိုအပ်မှာပါ။ ကိုယ့်အဆင့်က ဘယ်လောက်ရှိနေနင့်ပြီလည်းဆိုတာက သာမန်သူတွေအနေနဲ့ သိဖို့က ဖြစ်နိုင်တာမျိုး မဟုတ်ပါဘူး။ တကယ်လို့ ကိုယ်ကသူငယ်တန်းအဆင့်မျှလောက်သာ ဖြစ်နေလျှင်တော့ နာကြားဆင် ခြင်ရုံမျှ၊ သာ မန်သိသိနေရုံမျှနဲ့ ကိုယ်လိုချင်တဲ့ပန်းတိုင် ရောက်နိုင်၊ မရောက်နိုင် ဆိုတာကတော့ ကိုယ်တိုင်ဆုံးဖြတ် ကြည့်ပါလို့ပဲ ဆိုချင်ပါတယ်။

ဒီတော့ တရားကို အထူးအားထုတ်နေဖို့မလိုပါဘူး၊ သိသိနေလျှင်ပြီးတာပါပဲရယ်လို့ ပေါ့ပေါ့ဆဆ မပြောပြသင့်ပါဘူး။ တရားမလုပ်ချင်သူတွေကို တရားလုပ်လာစေဖို့ ဆွဲငင်ရာမှာ၊ ကူညီအားပေးရာမှာ တရားအားထုတ်နေသူတွေ အပေါ်မှာတော့ အပြစ်မြင်၊ အပြစ်တင်တာမျိုး မဖြစ်စေချင်ပါဘူး။ ဒါမျိုးက မလုပ်ကောင်း မလုပ်အပ်တဲ့အရာမျိုးပါ။ မိမိအတွက်ရော သာသနာအတွက်ပါ အလွန်အန္တရာယ်ကြီးမားလှပါတယ်။ တရားသိ၊ တရားပြည့်သူဆိုတာ ကိုယ် ကိုယ်တိုင်လည်း ပိုမိုငြိမ်းချမ်း၊ ပတ်ဝန်းကျင်ကိုလည်း မပင်ပမ်း၊ မန္တမ်းနယ်စေပါဘူး။ အပြစ်တင်စရာ ပုဂ္ဂိုလ်သတ္တဝါ မရှိနိုင်တော့သလို၊ စောင်းမြောင်းငြူစူစရာ သူငါဆိုတာလည်း အသိဉာဏ်ထဲမှာ မထင်လာ၊ မမြင်လာတော့ပါဘူး။ ကယ်မမည့်သူကိုယ်တိုင်က အပါယ်ကျမည့်သူ၊ အပါယ်ချမည့်သူမျိုး ဖြစ်သွားမယ်ဆိုလျှင် ဟောသူရော၊ နာသူပါ အလွန်နစ်နာလှပါတယ်။

လမ်းဖော်တော့မည်ဆိုလျှင် လမ်းမချော်ဖို့လည်း ထည့်တွက်စဉ်းစားရမှာပါ။ လမ်းချဲ့တာလည်းကောင်းပါရဲ့၊ လမ်း ဖောက်တာလည်းကောင်းပါရဲ့၊ သို့ပေမယ့် လမ်းပဲ့အောင် လမ်းဖဲ့တာမျိုး၊ လမ်းပျောက်အောင် လမ်းဖျောက်တာမျိုး မဖြစ်ဖို့တော့ လိုလိမ့်မယ်ထင်ပါရဲ့လို့လည်း ကိုယ့်နောင်ညီများကြားအောင် မေတ္တာစကားပြောကြားချင်ပါတယ်။ (စာပေကျမ်းဂန် ကျွမ်းကျင်လိမ္မာပါလျက်ကယ်နဲ့ အဓိပ္ပါယ်အယူလွဲမှုကြောင့် လမ်းချော်သွားမှာမျိုး မဖြစ်စေလိုတာ ကြောင့် ပြောရတာပါ။ ပရိယတ္တိအခြေခံအားနည်းသူများရဲ့ ပြောမှားမှုများအတွက်တော့ ဘာမှ အထူးမပြောလိုပါ။)

ဟောကြပါ၊ ပြောကြပါ၊ သို့သော် အများသဘောကျရေးထက် တရားသဘောကျရေး၊ ဘုရားသဘောကျရေးကိုပဲ အလေးထားကြဖို့က ပိုမိုအရေးကြီးပါမယ်ဆိုတဲ့အကြောင်းကိုလည်း ရှိသေမြတ်နိုးစွာ လေးလေးစားစား စကားလေးလည်း အထူးပါးလိုက်ချင်ပါသေးတယ်။

မေတ္တာဖြင့်
အရှင်ဉာဏိက